စံကပ်ကျေးရွာ

ကောယားကျေးရွာအုပ်စု ၊ ဟုမ္မလင်းမြို့နယ်

စစ်ကိုင်းတိုင်းဒေသကြီး

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း စာတမ်း

(ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့် ဦးစားပေးဆောင်ရွက်မည့် ဖွံ့ဖြိုးရေးလုပ်ငန်းများ)

စီမံကိန်းပြုစုရေးသားသည့် အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ စံကပ် ကျေးရွာ

(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဟုမ္မလင်းမြို့နယ်၏ အကူအညီဖြင့် ရေးဆွဲပါသည်။)

မေလ၊ ၂၀၁၉

မာတိကာ

အကြောင်းအရာ	စာမျက်နှာ
မာတိကာ	၁-၂
၁။ စံကပ် ကျေးရွာသဘာဝသယံဇာတပြမြေပုံ	၃
၂။ စံကပ် ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်	၄
၃။ တည်နေရာနှင့် ပထဝီအနေအထား	၅
၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ	၅
၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ	၅
(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ	၅ -၆
(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ	၆
(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ	**၆**
(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု	**၆**
(င) ပညာရေး	**၆**
(စ) ကျန်းမာရေး	**၆**
(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး	**၇**
(ဇ) ကျား – မ ရေးရာ	၇
၆။ ဦးစားပေးဆောင်ရွက်မည့် နှစ်အလိုက်ဖွံ့ဖြိုးရေးလုပ်ငန်းများ	၈
၇။ စံကပ် ကျေးရွာ ဦးစားပေးစီမံချက်များ	၉
၈။ စံကပ် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း	၁၀

မာတိကာ

အကြောင်းအရာ စာမျက်နှာ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ (၁) – ဖွံ့ဖြိုးရေးဗျူဟာ ဇယား ၁၁–၁၂


နောက်ဆက်တွဲ (၂) – ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ ၁၃–၅၆

၁။ စံကပ်ကျေးရွာသဘာဝသယံဇာတပြမြေပုံ

၂။ စံကပ်ကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်

ဘုရှုလယ်း မြို့နယ်၊ ကောသာအုပ်စု၊ စံကပ်ကျေးရွာ

ရာသီခွင်ပြ ပြက္ခဒိန် ၁၄.၁.၂၀၁၉

အချက်အလက်	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	တော်သလင်း	သီတင်းကျွတ်	တန်ဆောင်မုန်း	နတ်တော်	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	လ္ဘက်ခူး ↔	လ္ဘက်ခူး ↔ ယာမြေရှင်း	လ္ဘက်ခူး ↔	လ္ဘက်ခူး ↔ ပျိုးကြဲ	လ္ဘက်ခူး ↔ စပါးစိုက်	လ္ဘက်ခူး ↔ စပါးစိုက်	—	ယာမြေပျိုး ကြဲ စပါးသိမ်း	—	ယာမြေစိုက်	—	လ္ဘက်ခူး
ဝင်ငွေရရှိမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	ရှားပါး	ကျေနပ်ဖွယ်	ရှားပါး	ကျေနပ်ဖွယ်	ရှားပါး	သင့်တင့်
အသုံးစရိတ်	များပြား	များပြား	သင့်	သင့်	နည်း	နည်း	များပြား	သင့်	နည်း	နည်း	နည်း	သင့်တင့်
ထမင်းစားလုံမှု	ရှိ	ရှိ	ရှိ	ရှိ	ရှိ	နည်းပါး	နည်းပါး	ရှိ	ရှိ	ရှိ	ရှိ	ရှားပါး
သောက်သုံးရေ ရရှိမှု	ရှားပါး	ရှားပါး	သင့်တင့်	ပေါများ	ပေါများ	ပေါများ	သင့်	သင့်	သင့်	နည်းပါး	နည်းပါး	ရှားပါး
ကျန်းမာရေး	သင့်	သင့်	ချောင်းဆိုး ကုတ်ဖျား	များ	နာ	သင့်	သင့်	အအေးမိ ဖျားနာ ↔		အချမ်း ဝိ / ပြင်း	ကောင်း	သင့်တင့်

၃။ တည်နေရာနှင့် ပထဝီအနေအထား

ကောယားကျေးရွာအုပ်စု၊ စံကပ်ကျေးရွာသည် ဟုမ္မလင်းမြို့၏ အရှေ့မြောက်ဖက်အရပ်၌ တည်ရှိပြီး၊ ဟုမ္မလင်းမြို့နှင့် (၈)မိုင် (၄)ဖာလုံ၊ မုံရွာ-ခန္တီး မဟာဗျူဟာလမ်းမပေါ် မိုင်တိုင်အမှတ် (၂၀၂)မိုင် (၂)ဖာလုံ၊ကီလိုမီတာ (၃၂၃)အနီးတွင် တည်ရှိပါသည်။

စံကပ်ကျေးရွာ၏ မြောက်ဖက် (၁၀မိုင်(၁)ဖာလုံတွင် ချင်းတွင်းမြစ် တည်ရှိပါသည်။ ကျေးရွာသည် တောင်တန်းပြန့်အောက်၊ ကုန်းနိမ့်ပိုင်းတွင် တည်ရှိပါသည်။ တောင်တန်းပြန့်ပေါ်တွင် ကျေးရွာ၏ လက်ဖက်ခင်းများရှိပြီး၊ ဟုမ္မလင်း-ခန္တီး မဟာဗျူဟာလမ်းဖောက်လုပ်ထားပါသည်။ ကျေးရွာ၏ မြေနိမ့်ပိုင်းတွင် အရှေ့ဘက်နှင့်ရွာ၏ မြောက်ဘက်၌ ကောက်ကြိုးလယ်များ ဝန်းရံထားပါသည်။ ကျေးရွာ၏ အနောက်ဘက်တွင် တောင်တန်းများ တည်ရှိပြီး၊ ချောင်းငယ်၊လျှိုမြောင်၊ ချိုင့်ဝှမ်းများ ရှိပြီး ၎င်းနေရာကို ကျေးရွာ၏ အိမ်သုံးထင်းတောအဖြစ် သတ်မှတ်ထားပါသည်။ ကျေးရွာ၏ တောင်ဘက်တွင် ကိုးတန်ချောင်း၊ ဝှေအောင်ချောင်း၊ဝှေဟွမ်ချောင်းစသည့် ချောင်းများတည်ရှိပါသည်။ ၎င်းချောင်းငယ်များမှ ရေကို ကျေးရွာသူ/သားများ သောက်သုံးရန်နှင့်လယ်ယာလုပ်ငန်းအတွက် အဓိကထားရသော ထွန်ရေ၊စိုက်ရေ၊အောက်ရေဟု ဆိုသောစိုက်ပျိုးရေးအတွက်သုံးရေများ ရရှိကြပါသည်။

၎င်းအပြင် ချောင်းငယ်များ ရေစီးရေလာ ကောင်းမွန်ရေးအတွက် ရေဝေးရေလဲ ဒေသနှင့် ကျေးရွာရှိ လယ်ယာသုံး ကွဲ၊နွားများ၏ စားကျက်မြေအဖြစ် ထိန်းသိမ်းထားသည့် မြေဧက(၅၀၀)နီးပါးရှိပါသည်။ စံကပ်ကျေးရွာသည် မိုးတွင်းကာလ ရေကြီး/ရေလျှံချိန်တွင် စိုက်ပျိုးပြီး လယ်ကွက်များ ရေမြှပ်ဆုံးရှုံးမှု ရှိသော်လည်း ဟုမ္မလင်းမြို့၏ စိုးရိမ်ရေမှတ် ကျော်သည့်တိုင် ကျေးရွာတွင်ရေမရောက်၊ရေမနှစ်ပဲရေနှင့် ပတ်သက်၍ သဘာဝဘေးဒဏ်ခံရမှု မရှိပါသောကြောင့် နေထိုင်ရကောင်းမွန်ပါသည်။

၄။ ရာသီဥတုနှင့် သဘာဝအရင်းအမြစ်များ

စံကပ်ကျေးရွာ၏ ရာသီဥတုမှာ နွေရာသီတွင် ပူပြင်းလွန်းသော်လည်း ကျေးရွာ၏ တောင်ဘက်နှင့် အနောက်ဘက်တွင်ရှိသော တောင်တန်းများနှင့် သဘာဝ သစ်တောများထိန်းသိမ်းထား မှုကြောင့် အခြားရပ်ဒေသများ ကဲ့သို့မဟုတ်ဘဲ အပူချိန်လျော့နည်းပါသည်။ မိုးရာသီတွင် မိုးများသောနှစ် ၌ ရွာသွန်းလ(၆)လ၊နယုန်လ မှသီတင်းကျွတ်လအထိ ရွာသွန်းတတ်ပြီး၊အချို့သောနှစ်များ၌ လစဉ်မိုးများ ရှိပါက (၁)လတစ်ကြိမ် (၁၂) လလုံးမိုးရွာပါသည်။ ဆောင်းကာလ၌ အထက်ဖော်ပြပါ တောင်တန်းများနှင့် သစ်တောများ ရှိခြင်းကြောင့် အအေးလွန်ကဲခြင်းမရှိပါ။

စံကပ်ရွာ၏ သဘာဝအရင်းအမြစ်များမှာ တပိုင်တနိုင် တောင်သူများသာ ရှိ၍ ကျေးရွာတွင်း ဝမ်းစာဖူလုံမှုသမှုရှိပြီး၊ ကျေးရွာမှ ပြင်ပထွက် ဆန်၊စပါးထွက်ကုန်မရှိပါ။ ဗျူဟာလမ်းဘေးဝဲရှိ လက်ဖက်ခင်းများမှာ ကျေးရွာနေလူထု၏ အဓိကစားဝတ်နေရေးပြဿနာများကို ဖြေရှင်းပေးသော လက်ဖက်ဥယာဉ် ခြံမြေများဖြစ်ပြီး စံကပ်ကျေးရွာ၏ အသက်သွေးကြောဟုပင်ဆိုနိုင်ပါသည်။ အခြားသတ္တုတွင်းထွက်များဖြစ်သော ရွှေအပါအဝင် အခြားသော ဓါတ်သတ္တုများသည် ရွာ၏(၃)မိုင်အတွင်း မထွက်ရှိပါ။ကျေးရွာ၏ ထိန်းသိမ်းထားသော သစ်တောများထဲမှ လယ်ယာလုပ်ငန်းနှင့် အိမ်သုံးခြံတိုင်၊ခြံလက်ဝါး များအဖြစ်ထားရှိသော ဝါးရုံများပေါများ၍ မိုးရာသီ၌ စားသုံးနိုင်သော မျှစ်များပေါပါသည်။ သဘာဝသစ်တောများ ထိန်းသိမ်းထားမှုကြောင့် သဘာဝမှထွက်ရှိသော မှို၊မျှစ်၊ ကြိမ်ဖူးနှင့် ဟင်းစားရွက်စသော သဘာဝအသီးအရွက်များကို ကျေးရွာနေပြည်သူ များစားသုံးနိုင်ကြပါသည်။

၅။ ကျေးရွာရှိ ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

စံကပ်ကျေးရွာတွင် ယခုအခါ အဖွဲ့အစည်းစုံလင်စွာ ဖွဲ့စည်းထားပါသည်။ ၎င်းတို့မှာ ရပ်မိရပ်ဖ (ခေါ်) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၊မီးသတ်တပ်ဖွဲ့၊ အမျိုးသမီးရေးရာအဖွဲ့၊ ဂေါပကအဖွဲ့၊ အပျို/လူပျိုအဖွဲ့၊ တောင်သူလယ်သမားအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ ကျောင်းအကျိုးတော် ဆောင်အဖွဲ့ဟု စနစ်တကျ စီမံခန့်ခွဲရေးဆိုင်ရာ အဖွဲ့အစည်းများ ဖွဲ့စည်းထားပါသည်။ ရပ်မိရပ်ဖ(ခေါ်) ကျေးရွာအုပ်ချုပ်ရေးအဖွဲ့မှာ ကျေးရွာနေပြည်သူလူထုမှ ရွေးချယ်ပေးထားသော အဖွဲ့အစည်းဖြစ်၍ ရာအိမ်မှူးနှင့် ဆယ်အိမ်မှူးများမှာ ကျေးရွာအုပ်ချုပ်ရေးနှင့် အခြားအထွေထွေ ကိစ္စဆိုင်ရာများအား ပေါင်းစပ် ညှိနှိုင်းတိုင်ပင်၍ ဆုံးဖြတ်ခြင်း၊လုပ်ငန်းပြီးစီးပါက ပြန်လည်သုံးသပ် ဆွေးနွေးတိုင်ပင်၍ အားနည်းချက်၊ အားသာချက်များကို ပြန်လည်ညှိနှိုင်းဆုံးဖြတ်ကြပါသည်။ မီးသတ်တပ်ဖွဲ့မှာ ကျေးရွာ၏ မီးဘေးလုံခြုံရေးနှင့် ကျေးရွာလုံခြုံရေးဆိုင်ရာ ကိစ္စများ ဆောင်ရွက်ပါသည်။ အမျိုးသမီးရေးရာအဖွဲ့မှာ ကျန်းမာရေးကိစ္စများကို အဓိကထားဆောင်ရွက်ကြပြီး သာရေး/နာရေး ကိစ္စများကိုလည်း လုပ်ဆောင်ကြပါသည်။

ကျေးရွာဂေါပကအဖွဲ့မှာ ဘာသာရေး၊သာသနာရေးကိစ္စများကို အဓိကဦးစားပေး ဆောင်ရွက်ကြပါသည်။ အပျို/လူပျိုအဖွဲ့မှာ ကျေးရွာ၏အလှူ ၊မင်္ဂလာပွဲများ၊ဘာသာရေး၊သာသနာရေး ကိစ္စများကို ကျန်အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါသည်။တောင်သူလယ်သမား အဖွဲ့မှာ ကျေးရွာ၏ လယ်ယာစိုက်ပျိုးရေး၊ဆည်မြောင်းများ ပြုပြင်တူးဖော်ခြင်း၊စိုက်ပျိုးစရိတ် ချေးငွေ များရရှိရေးများကို အဓိကထားလုပ်ဆောင်ကြပါသည်။ ကျောင်းကော်မတီအဖွဲ့မှာ ပညာရေးအတွက် လိုအပ်သည့် ကိစ္စများကို ဆရာ/မများနှင့် ညှိနှိုင်းတိုင်ပင်ဆောင်ရွက်ကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

စံကပ်ကျေးရွာ တစ်ရွာလုံး၏ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေမှာ အထူးကောင်းမွန် ခြင်းမရှိဘဲ စပါးစိုက်တောင်သူနှင့်လက်ဖက်ခင်းမှ ထွက်ရှိသော လက်ဖက်စို/လက်ဖက်ခြောက် ရောင်းရသော ငွေနှင့်အချို့မှာ စပါးရိတ်သိမ်းပြီးချိန်နှင့် လက်ဖက်ခူးရာသီ တုံးချိန်များတွင် အခြားဝင်ငွေ ရ လုပ်ငန်းများဖြစ်သော ရွှေမျှောတိုက်ခြင်းကို လုပ်သားများအဖြစ်လုပ်ကိုင်ကြပါသည်။ အချို့မှာ ကျွဲ၊နွားများကို တပိုင်တနိုင်လုပ်ငန်းသုံးနှင့် မျိုးပွားရေးမွေးမြူကြပြီး ကြက်၊ဝက်၊ဘဲများကို အခြားအသုံးစရိတ်၊ အထောက်အပံ့ရရန် အလို့ငှာ တပိုင်တနိုင်မွေးမြူ လုပ်ကိုင်ကြပါသည်။

(ဂ) အခြေခံအဆောက်အဦးနှင့်ဝန်ဆောင်မှုများ

စံကပ်ကျေးရွာ၌ တစ်ရွာလုံး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြ၍ ဘုန်းကြီးကျောင်းတွင် ကျောင်းဆောင် (၆)ဆောင်ရှိပါသည်။ ပညာရေး အဆောက်အဦးအနေဖြင့် စာသင်ဆောင် (၂)ဆောင်၊ကျောင်းအုပ်ဆရာမကြီး ရုံးခန်း (၁)ဆောင်၊ဆရာ/မများ နေထိုင်ရန် ဘော်ဒါ(၂)ဆောင်ကို ကျေးရွာမှ ကိုယ့်အားကိုယ်ကိုးစနစ်ဖြင့် သာဆောင်ရွက်ထားရပြီး ပညာရေးဝန်ကြီးဌာန၏ အဆောက်အဦး(ခွင့်ပြုငွေ)မရရှိပါ။ ၂၀၁၆ခုနှစ်တွင် ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားသော အလယ်တန်းကျောင်းဆောင် (၆၀'×၃၀'(၂)ထပ် ကျောင်းဆောင်အား အကာရံများ ယာယီကာရံထား၍ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ VDP စီမံကိန်း ကျပ်သိန်း(၁၀၀)ကျပ်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရန် (ပထမ)ဦးစားပေး သတ်မှတ်ထားပါသည်။ ကျွေးမွေးရေးဆိုင်ရာ ဧည့်ခံကျွေးမွေးနိုင်ရန် ချက်ပြုတ်ရုံ (၁)ဆောင်လည်းရှိပါသည်။ ကျေးရွာတွင်းလမ်း အခြေအနေမှာ မြေသားလမ်းဖြစ်ပြီး၊ရွာတွင်းကွန်ကရစ်တံတား (၅'×၁၅'ပေ) တံတားတစ်စင်းသာရှိပါသည်။

သောက်သုံးရေအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စက်ရေတွင်း (၁)တွင်းနှင့် လက်တူးတွင်း(၁)တွင်း ဖော်ဆောင်ထားပါသည်။ ကျေးရွာတွင် လျှပ်စစ်မီးသုံးစွဲမှု အခြေအနေမှာ ၂၀၁၆ ခုနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးရွာရှိ အိမ်ခြေ (၁၀၈)အိမ်အတွက် ဘက်ထရီနှင့်တွဲလျက် ဆိုလာချပ်များ အခမဲ့ ဖြန့်ဝေပေးထားပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု

စံကပ်ကျေးရွာရှိ တောင်သူများအတွက် မြို့နယ်စိုက်ပျိုးရေးဘဏ်မှ ချေးငွေ ကာလတို ထုတ်ချေးပေးပါသည်။ ထို့အပြင် မြို့နယ်သမဝါယမ အသင်းမှလည်း စိုက်ပျိုးရေးချေးငွေများ ကာလတို ချေးငွေများ ရရှိပါသည်။

(င) ပညာရေး

စံကပ်ကျေးရွာတွင် ၁.၆.၁၉၅၅ခုနှစ်မှ စတင်ပြီး အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်သင်ကြားခွင့်ရရှိခဲ့ပြီး ၊၁.၆.၂၀၀၄ ခုနှစ်တွင် မူလွန်သင်ကြားခွင့်ရရှိခဲ့ပါသည်။ ၁.၆.၂၀၁၅ခုနှစ်တွင် အလယ်တန်းကျောင်းခွဲအဖြစ် သင်ကြားခွင့် ရရှိခဲ့ပါသည်။ ယခုနှစ်တွင်လည်း ကျေးရွာမှ အလယ်တန်းကျောင်းရရှိရေး အတွက်လည်း ပညာရေးဝန်ကြီးဌာနသို့ လျှောက်ထားပြီး ဖြစ်ပါသည်။ လက်ရှိတွင် ဆရာ/မဦးရေ (၁၃)ဦးရှိပြီး၊ KG တန်းမှ အဋ္ဌမတန်းအထိ ကျောင်းသား/သူဦးရေ (၁၈၂)ဦးပညာသင်ယူနေပြီး၊အထက်တန်းကျောင်းကို ဟုမ္မလင်းမြို့နှင့် ကောယားကျေးရွာသို့ သွားရောက်၍ တက်ရောက်ကြပါသည်။

(စ) ကျန်းမာရေး

စံကပ်ကျေးရွာရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် ၅နှစ်အောက် ကလေးများကို လစဉ်ပုံမှန် ကာကွယ်ဆေး ထိုးပေးခြင်းများကို တုံလုံကျေးရွာ ကျန်းမာရေးဌာနခွဲမှ တာဝန်ခံဆရာမနှင့် ကြီးကြပ်(၁)ဦး စုစုပေါင်း (၂)ဦး မပျက်မကွက် ကာကွယ်ဆေးထိုးပေးပြီး ဂျပန်ဦးနှောက်ရောင်ကာကွယ်ဆေးထိုး ပေးပါသည်။ ပြင်ပအဖွဲ့အစည်းအနေဖြင့် ကလေးသူငယ် ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အဖွဲ့မှ လာရောက်ဆေးကုသပေးပါသည်။

(ဆ) ဘေးန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး

စံကပ်ကျေးရွာတွင် လွန်ခဲ့သော (၁၀)နှစ်မှ ယနေ့အထိ သဘာဝဘေးအန္တရာယ်ဟု ဆိုသော ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ လေပြင်းတိုက်ခတ်ခြင်း(လူနေအိမ်များပျက်စီးခြင်း) တောမီးလောင်ခြင်း၊ မိုးသီးကြွေခြင်း၊ ငလျင်လှုပ်ခြင်းများမရှိပါ။ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးမှာ ကျေးရွာဗဟိုပြု (၃)မိုင်ပတ်လည်တွင် လက်ဖက်ဥယာဉ်နှင့် ကျေးရွာထင်းစိုက်သစ်တောများ သောက်သုံးရေ မရှားပါး စေရန် ကျေးရွာအနီးရှိ စိမ့်စမ်းချောင်းများ၏ ရေဝေ/ရေလဲဒေသနှင့် ကျေးရွာရှိ နွား/ကျွဲစားကျက်မြေ ထိန်းသိမ်းထားမှုများ ဆောင်ရွက်ထားပါသည်။

(ဇ) ကျား – မ ရေးရာ

စံကပ်ကျေးရွာတွင် ကျားမဆိုင်ရာ အခွင့်အရေးအနေဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အမျိုးသားများက ဦးဆောင်လေ့ရှိသည်။ အမျိုးသမီးများသည် အိမ်တွင်းမှုလုပ်ငန်းများဖြစ်သော ထမင်းချက်၊ရေခပ်၊ကလေးထိန်းခြင်းစသော အိမ်မှုကိစ္စများ ဆောင်ရွက်ကြသည်။ လယ်ယာလုပ်ငန်းခွင်တွင် အမျိုးသမီးများသည် ပေါင်းနုတ်ခြင်း၊ကောက်စိုက်ခြင်း၊အမျိုးသားများသည် လယ်ထွန်ခြင်းစသည့် လုပ်ငန်းများလုပ်ကိုင်ကြသည်။ လယ်ယာစိုက်ပျိုးရေးလုပ်သားငှားရမ်းမှု နှုန်းမှာ တန်းတူလုပ်အားခ ရရှိပါသည်။ ဘာသာရေးအထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုပွဲတော်များတွင် (ရှင်ပြုအလှူပွဲများ ကျင်းပခြင်း၊ ဘုန်းတော်ကြီးကျောင်း ဆရာတော်၏ ဦးဆောင်မှုဖြင့် တရားပွဲများ ကျင်းပခြင်း) အမျိုးသမီးများသည် အမျိုးသားနှင့် အတူပူးပေါင်းဆောင်ရွက်ကြသည်။ ဒေသတွင်း အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှု ကိစ္စရပ်များတွင် အမျိုးသမီးများ၏ အခန်းကဏ္ဍာနည်းပါးနေသေးကြောင်း တွေ့ရသည်။ မူလတန်းကျောင်းပညာရေးမှ တက္ကသိုလ်ပညာရေးထိ ကျား/မ တန်းတူ အခွင့်အရေး ရရှိပါသည်။

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ကောယားကျေးရွာအုပ်စု၊ စံကပ်ကျေးရွာ
ဦးစားပေး ဆောင်ရွက်မည့် နှစ်အလိုက် ဖွံ့ဖြိုးရေး လုပ်ငန်းများ

စဉ်	စီမံချက်	ဦးစားပေးအဆင့်	၂၀၁၈	၂၀၁၉	၂၀၂၀	၂၀၂၁	၂၀၂၂
၁	အလယ်တန်းကျောင်း(၂)ထပ် ဆောင်ပြန်လည်ပြုပြင်ခြင်း	၁					
၂	သောက်သုံးရေရရှိရေး(စိမ့်စမ်းရေသွယ်)	၂					
၃	စိုက်ပျိုးရေးရရှိရေး (ရေသွင်းမြောင်း)	၃					
၄	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း (၅၀၀ပေ)	၄					
၅	ကျေးလက်ဆေးပေးခန်းဆောက်လုပ်ခြင်း	၅					

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္ဓီးခရိုင်၊ ဟုမ္မလင်းမြို့နယ်၊ ကောယားကျေးရွာအုပ်စု၊ စံကပ်ကျေးရွာ သဘောတူ သတ်မှတ်ထားသော ဦးစားပေး စီမံချက်များမှာ –

စဉ်	စီမံချက်	အကဲဖြတ် အမှတ် ပေးသူ(၁)	အကဲဖြတ် အမှတ် ပေးသူ(၂)	အကဲဖြတ် အမှတ် ပေးသူ(၃)	အကဲဖြတ် အမှတ် ပေးသူ(၄)	အကဲဖြတ် အမှတ် ပေးသူ(၅)	ရမှတ် ပေါင်း	ဦးစားပေး အဆင့်
၁	အလယ်တန်းကျောင်း(၂) ထပ် ဆောင် ပြန်လည်ပြုပြင်ခြင်း	၁၀	၁၀	၁၀	၁၀	၁၀	၅၀	၁

၂	သောက်သုံးရေ ရရှိရေး(စိမ့်စမ်းရေသွယ်)	၁၀	၉	၉	၉	၉	၄၆	၂
၃	စိုက်ပျိုးရေးရရှိရေး (ရေသွင်းမြောင်း)	၉	၈	၉	၇	၈	၄၁	၃
၄	ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း (၅၀၀ပေ)	၉	၈	၆	၇	၈	၃၈	၄
၅	ကျေးလက်ဆေးပေးခန်း ဆောက်လုပ်ခြင်း	၈	၈	၇	၇	၆	၃၆	၅

စံကပ်ကျေးရွာ ၊ နန့်သာ ကျေးရွာအုပ်စုကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	တာဝန်	အသက်	ဖုန်းနံပါတ်
၁	ဦးစိန်လင်း	ဦးကျော်ဆွေ	၅/ဟမလ(နိုင်)၀၇၆၀၆၃	ဥက္ကဋ္ဌ	၅၀	၀၉-၄၅၈၇၉၄၉၁၁
၂	ဦးမြင့်မောင်	ဦးဘရွှင်	၅/ဟမလ(နိုင်)၀၇၀၉၉၈	အတွင်းရေးမှူး	၄၁	၀၉-၈၉၅၃၉၇၃၄၉

၃	ဦးအောင်ဌေး	ဦးကျော်ထွေး	၅/ဟမလ(နိုင်)၀၇၇၉၉၁	ဘဏ္ဍာရေးမှူး	၄ဖ	၀၉-၈၉၁၇၁၁၈၀၀
၄	ဦးနေဝင်းထွန်း	ဦးအောင်နွား	၅/ဟမလ(နိုင်)၀၉၅ဖ၉၄	အဖွဲ့ဝင်	၄ဖ	၀၉-၄၄၈ဖ၈ဖ၃၉၉
၅	ဦးဌေးနိုင်	ဦးအောင်ကျော်	၅/ဟမလ(နိုင်)၁၇၅၁၁၂	စာရင်းကိုင်	၄ဖ	၀၉-၂ဖ၅၀၈ဖ၃၇၇
၆	ဒေါ်ညိုပြာပြာ	ဦးအောင်ကျော်ဦး	၅/ဟမလ(နိုင်)၁၅၀ဖ၃၁	သော့ကိုင်(၁)	၃၈	၀၉-၄၅၅၀၀၅၄၄ဖ
၇	ဒေါ်ပိုအိစံ	ဦးတင်အောင်စံ	၅/ဟမလ(နိုင်)၁၅၅၀၈၁	သော့ကိုင်(၂)	၃၁	၀၉-၄၀၂၉၉၁၁၄၀၂
၈	ဒေါ်ရွှေဇင်ဝင်း	ဦးလူအေး	၅/ဟမလ(နိုင်)၁၇၂ဖ၇၃	အဖွဲ့ဝင်	၂ဖ	၀၉-၄၀၂၉၉၅၂၈၃
၉	ဒေါ်ခင်ဝေသင်း	ဦးတင်အောင်	-	အဖွဲ့ဝင်	၂၃	၀၉-၄၅၉၁၂၈၀၂ဖ

ဖွံ့ဖြိုးရေးဗျူဟာ ဇယား

စံကပ်ကျေးရွာ၊ ဟုမ္မလင်း မြို့ နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။

ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
၁	**စိုက်ပျိုးရေး(သီးနှံ)**					
	• လယ်ရေသွင်းမြောင်းသိမ်ကောနေခြင်း • စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် ဝန်ဆောင်မှုများ ရရှိမှု အားနည်းခြင်း	• နှစ်စဉ်နှင့် အမျှ မိုးရာသီတွင် ရေစီးနှင့်အတူ မျှောပါလာသော သဲ၊နွံ၊ အမှိုက်များဖို့ ခြင်း • မိရိုးဖလာ စိုက်ပျိုးရေး နည်းစနစ်များကို သာအသုံးပြုခြင်း။ • သက်ဆိုင်ရာ စိုက်ပျိုးရေးဌာနအဖွဲ့ အစည်း များနှင့် ချိတ်ဆက်ရမည်ကို	• ယခင်ရေသွင်းမြောင်းများရှိခြင်း။ • သီးနှံစိုက်ပျိုးထုတ်လုပ်နိုင်သော ရေ၊မြေ၊ ရာသီဥတု အခြေအနေ ကောင်းခြင်း။ • လယ်ဧက (၂၀၄) ကျော်ရှိခြင်း။ • စိုက်ပျိုးရေးဦးစီးဌာနမှ ထံမှ လိုအပ်သော	• တောင်သူများငွေကြေးအခက်အခဲရှိခြင်းနှင့် စားဝတ်နေရေးအဆင်မပြေခြင်း။ • နည်းပညာအသစ်များပြောင်းလဲကျင့်သုံးရမည်ဆိုသည့်အသိနှင့် အလေ့အထ အားနည်းခြင်း။	• စိုက်ပျိုးရေးဌာနနှင့် ပုဂ္ဂလိက အဖွဲ့အစည်းများအား ချိတ်ဆက်ပြီး၊ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာနှင့် အခြား ဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း။	• လယ်ယာသုံးစက်ကိရိယာများဈေးနှုန်းသက်သာစွာဖြင့် ငှားရမ်းအသုံးပြုနိုင်ရေး၊ အရစ်ကျဝယ်ယူနိုင်အောင် ဆောင်ရွက်ခြင်း။ • ကောင်းမွန်သော အထွက်တိုးစိုက်ပျိုးရေးဆိုင်ရာ နည်းပညာများ ရရှိအောင် ဆောင်ရွက်ခြင်း။ • မျိုးကောင်းမျိုးသန့် ထုတ်လုပ်နည်းဆိုင်ရာ သင်တန်းများရရှိအောင် ဆောင်ရွက်ခြင်း။ • စိုက်ပျိုးရေးချေးငွေ

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		နားမလည်ခြင်း၊မသိရှိခြင်း	နည်းပညာ အကူအညီတောင်းခံနိုင်ခြင်း။			လုံလောက်စွာ ရရှိနိုင်အောင် ဆောင်ရွက်ခြင်း။
၂	**ပညာရေး**					
	• ကျောင်းအဆောက်အဦး မလုံလောက်ခြင်းနှင့် ထပ်မံတိုးချဲ့ဆောင်ဆောက်လုပ်ရန် လိုအပ်ခြင်း • ပရိဘောဂ မလုံလောက်ခြင်း။	• ကျောင်းသားဦးရေတိုးလာခြင်း • လက်ရှိကျောင်းဆောင်အရေအတွက် နည်းပါးခြင်း။ • ကျောင်းဆောင်များ ပြုပြင်ရန်၊ပရိဘောဂ ပစ္စည်း၊အားကစား ပစ္စည်းများ ဖြည့်ဆည်းရန် ပညာရေးဌာနတွင်	• ကျေးရွာမှ လုပ်အားနှင့် ငွေအင်အား အချို့ထည့်ဝင်လို • စိတ်ရှိခြင်း • ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ မိဘဆရာအသင်းအား ကူညီအားဖြည့်နိုင်မည့် လူမှုရေး၊ဘာသာရေး	ဝမ်းစာဖူလုံရုံမျှ ကျေးရွာဖြစ်၍ အခြားဝင်ငွေရလုပ်ငန်းမရှိ၍ ငွေကြေး အခက်အခဲရှိခြင်း။ ကျောင်းအကျိုးတော်ဆောင်နှင့် မိဘဆရာ အသင်း	• မိဘဆရာအသင်းနှင့် ကျေးရွာတွင်း အဖွဲ့အစည်းအသီးသီး တိုင်ပင်၍ ရန်ပုံငွေ ရှာဖွေ ရေးအစီအစဉ် ရေးဆွဲခြင်း။ • မြို့နယ်အဆင့်ပညာရေး ဦးစီးဌာနနှင့် အခြား အဖွဲ့အစည်းများထံ လျှောက်လွှာတင်ခြင်း၊ အခြား ဖြစ်နိုင်မည့် အဖွဲ့အစည်း	• ကျေးရွာမှ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ပြီး ၊လိုအပ်နေသေးသည့် စာသင်ဆောင်အား အကာအရံများ ပြန်လည် ပြုပြင်ပြီး လိုအပ်သည့် အုတ်၊သဲ၊များလုပ်ငန်း လိုအပ်ချက်အား ဖြည့်ဆည်းဆောင်ရွက်ထားခြင်း • ပုံစံဝင် သော ကျောင်းဆောင် ဆောက်လုပ်ခြင်း။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
		ရန်ပုံငွေ မလောက်ငှခြင်း။	အဖွဲ့အစည်းစနစ်များ ကျေးရွာတွင်း၌ ရှိခြင်း။	အားနည်းခြင်း	၊ပုဂ္ဂိုလ်များထံ အလှူခံခြင်းတို့ဖြင့် ပညာရေး အဆောက်အဦးပြုပြင် ထိန်းသိမ်းရေးရန်ပုံငွေ တည်ထောင်ခြင်း။	• ဆီးဆော၊ဒန်းနှင့် အခြား အားကစားပစ္စည်း များ ရရှိအောင် ဆောင်ရွက်ခြင်း။
၃။	**လမ်း၊တံတား၊ ရေလျှပ်စစ်**					
	• ကျေးရွာတွင်း လမ်းများ မကောင်းခြင်း • သောက်သုံးရေ ရှားပါးခြင်း။	• မြေသားလမ်းဖြစ်နေခြင်း • ရွာတွင်းလမ်းများ ရေတိုက်စားပျက်စီးပြီး ရေဝပ်ချိုင့်ဝှမ်းများဖြစ်ပေါ်ခြင်း • တော/တော များ တစ်နှစ်ထက်တစ်နှစ် ဖြုန်းတီးမှုကြောင့် စိမ့်/စမ်း ချောင်းများ ရေနည်းပါးလာခြင်း။	• ရွာတွင်းလမ်းအား ကွန်ကရစ်လမ်းခင်း ပေးပါက ကောယား အုပ်စုရှိ အိမ်ထောင်စု များ ကျန်းမာရေးအရေး ပေါ်ကားများ သွားလာရ လွယ်ကူပါသည်။ကွန်ကရစ် လမ်းခင်းပါက လမ်းအတွက် လိုအပ်သော သဲ၊ကျောက်များကို ကျေးရွာရှိ ရေချောင်း များတွင် ထုတ်ယူမှု ရရှိနိုင်ခြင်း။ • ကျေးရွာမှ လုပ်သား အင်အားနှင့် မြေသယ်ရန် ထောလာဂျီ အချို့ထည့်ဝင်နိုင်ခြင်း။	• ငွေကြေး အခက်အခဲ ရှိခြင်း။ • ကျေးရွာရန်ပုံငွေ ဖြင့် မလုပ်ဆောင် နိုင်ခြင်း။ • ဌာနများနှင့် ချိတ်ဆက်လုပ် ဆောင်ရမည် ဆိုသည်ကို မသိရှိခြင်း • သစ်တောများ ပြုန်းတီးလာ ခြင်း။	• ကျေးရွာ ဆပ်ကော်မတီ ဖွဲ့စည်းပြီး ကျေးလက်ဌာနနှင့် ချိတ်ဆက် ဆောင်ရွက်ခြင်း ရွာတွင်းလမ်း ပြုပြင် ရန် ကျေးရွာဖွံ့ဖြိုး ရေး အကျိုးတော်ဆောင် (အဖွဲ့တစ်ဖွဲ့ဖွဲ့မှ သတ်မှတ် တာဝန်ယူ၍ ပွင့်လင်းရာသီတွင် ကျောက်ခင်း၊သဲဖို့ခြင်း၊ လုပ်ငန်းများ ဆောင်ရွက်ခြင်း။ • လူအား၊ ငွေအား စက်အားတို့ကို ကျေးရွာတွင်း၌ အလှူခံခြင်း။	• ကျေးရွာတွင်း လမ်းကျင်းခင်းခြင်း။ • စံကပ်ကျေးရွာတါင်း ကွန်ကရစ် လမ်းအား လမ်းတံတား ဦးစီးဌာန မှ ဖော်ဆောင်ပေးပါက ကျေးရွာမှ လိုအပ်သော အကူအညီများ ပါဝင်ဆောင်ရွက်သွားမည်။ • ကျေးလက်ဦးစီးဌာနနှင့် ချိတ်ဆက်၍ စိမ့်/စမ်းရေသွယ် လုပ်ငန်းဆောင်ရွက်သွားမည်။

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
			• မူလလမ်းရှိခြင်း၊ကျင်းမြေများ ရှိခြင်း။ • ကျေးရွာ အနီးစိမ့်/စမ်းများ ရှိခြင်း၊			
၄။	• **လူငယ်ဖွံ့ဖြိုးရေး**					
	• လူငယ်များ ကာယ၊ ဉာဏ ဖွံ့ဖြိုးရေး အတွက် အားကစားလှုပ်မှုနည်းခြင်း • စာဖတ်သည့် အလေ့အထ နည်းခြင်း	• အင်တာနက်နှင့်ဂိမ်း ကစားရန် အလွယ်တကူ ရရှိနေခြင်း • အခြားစိတ်ဝင်စားစရာ လုပ်ငန်းများ မလုပ်ကိုင်ခြင်း • လူငယ်များဖွံ့ဖြိုးရေး အတွက် ရေရှည်ဗျူဟာ နှင့် အစီအစဉ်များ ရေးဆွဲထားမှု မရှိခြင်း	• ပြန်ဆက်ဦးစီးဌာနနှင့် အခြားလူငယ်ကွန်ယက် များနှင့် ချိတ်ဆက်ပြီး လူငယ်အခွင့်အလမ်း များရရှိအောင် ဖန်တီးနိုင်ခြင်း။	• ကျေးရွာ၌ လူငယ် ဖွံ့ဖြိုးရေးကို စနစ်တကျဖြင့် ရေရှည်ဆောင်ရွက်မည့် သူများအား နည်းခြင်း • မိမိ စီးပွားရေး အတွက်သာလျှင် အာရုံစူးစိုက် အချိန်ပေးနေရပြီး၊ လူထုအသိုင်းအ • ဝိုင်းအတွက် အချိန်ပေးမလုပ်ဆောင်နိုင် • ခြင်း	• အလုပ်အကိုင်အခွင့် အလမ်းများ ပိုမို ရရှိအောင် ဆောင်ရွက်ခြင်း။	• အသက်မွေးဝမ်းကျောင်း နည်းပညာသင်တန်းများ ပို့ချပေးခြင်း (ဆိုင်ကယ်ပြင်သင်တန်း၊ ကားဝပ်ရှော့သင်တန်း) • အလုပ်အကိုင် အခွင့်အလမ်း များ ရရှိအောင် ဆောင်ရွက်ခြင်း။
၅။	• မွေးမြူရေး					

စဉ်	ပြဿနာ	အကြောင်းရင်း	အခြေအနေကောင်းများ	အဟန့်အတားနှင့် စိန်ခေါ်မှု	ဖြေရှင်းမည့်နည်းလမ်းများ	အဆိုပြုစီမံချက်နှင့် လုပ်ငန်းများ
	• မွေးမြူရေးနည်းပညာ ရရှိမှု အားနည်းခြင်း။	• နည်းပညာဝန်ဆောင်မှု အားနည်းခြင်း • ဌာနနှင့် ချိတ်ဆက်မှု အားနည်းခြင်း • မွေးကုဌာနနှင့် ကွင်းဆင်း ဆောင်ရွက်မှု အားနည်းခြင်း။	• မွေးမြူရေးလုပ်ကိုင်နိုင်ရန် မြေအသင့်အတင့် ရှိခြင်း။ • စိုက်ပျိုးရေး ဘေးထွက် ပစ္စည်းများ ရှိခြင်း။	• မွေးမြူရေးနှင့် သက်ဆိုင်သော အဖွဲ့များနှင့် အချိတ်အဆက် အားနည်းခြင်း။ • အခါအားလျော်စွာ ကူးစက်ရောဂါ ကျရောက်မှုကို ထိန်းချုပ်ရခက်ခဲ • ခြင်း။	• မွေးကုဦးစီးဌာန၊ ပုဂ္ဂလိက အဖွဲ့များနှင့် ချိတ်ဆက်၍ ဝန်ဆောင်မှု ပြည့်ဝစွာ ရရှိအောင် ဆောင်ရွက်ခြင်း။	• မွေးမြူရေးချေးငွေ များ ပိုမို ရရှိရန် ဆောင်ရွက်ခြင်း။ • ခေတ်မီ မွေးမြူရေးစနစ်များ လက်တွေ့ ဆောင်ရွက်ခြင်း။ • မွေးမြူရေးနည်းပညာ သင်တန်းများ ပို့ချပေးခြင်း။

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၁၂	၁၀	၂၂
၁ နှစ်မှ ၄ နှစ်	၅ နှစ်အောက်ကလေးငယ်	၃၃	၁၉	၅၂
၅ နှစ်မှ ၉ နှစ်	မူလတန်းကျောင်းသားအရွယ်	၄၆	၃၉	၈၅
၁၀ နှစ်မှ ၁၄ နှစ်	အလယ်တန်းကျောင်းသားအရွယ်	၄၂	၅၉	၁၀၁
၁၅ နှစ်မှ ၆၄ နှစ်	အလုပ်လုပ်နိုင်သည့်အရွယ်	၂၀၄	၂၀၉	၄၃၁
၆၅ နှစ် နှင့် အထက်	သက်ကြီးရွယ်ကြီး	၄	၂၁	၂၅
စုစုပေါင်း		၃၄၁	၃၅၇	၉၁၈
စုစုပေါင်း အိမ်ထောင်စု				၁၁၁

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ အသက်အုပ်စု ၁ နှစ်အောက် ဆိုသည်မှာ မွေးကင်းစ မှ အသက် (၁) နှစ်မပြည့်မီ အရွယ်၊ ၁ နှစ်မှ ၄ နှစ် ဆိုသည်မှာ အသက် (၁) နှစ်ပြည့် အရွယ်မှ (၅) နှစ်မပြည့်မီ အရွယ်၊ ၅ နှစ်မှ ၉ နှစ် ဆိုသည်မှာ အသက် (၅) နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီ အရွယ်၊ ၁၀နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက် (၁၀) နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီ အရွယ်၊ ၁၅ နှစ်မှ ၆၄နှစ် ဆိုသည်မှာ အသက် (၁၅)နှစ်ပြည့်သည်မှ အသက် (၆၅) နှစ်မပြည့်မီ အရွယ်၊ အသက် ၆၅နှစ်နှင့် အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့် အရွယ်နှင့် ၎င်းထက် အသက်ကြီးသည့် အရွယ်များကို ဆိုလိုသည်။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် သက်ကြီးရွယ်အို လူဦးရေ နည်းပါးပြီး အလုပ်လုပ်နိုင်သူဦးရေ မှာ ကျေးရွာလူဦးရေ၏ ထက်ဝက်ကျော်ရှိသည်ကို တွေ့ရှိရပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅၃	၁၆၂	၃	မြင့် □□လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၅၄	၁၀၇	၀	မြင့် □ လတ် □ နိမ့် □
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၂	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၄	သစ်တောလုပ်ငန်း				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၃	မြင့် □□လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၁	မြင့် □ လတ် □ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	၁	၁	၁၄	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၃၀	မြင့် □ လတ် □ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၄	မြင့် လတ် နိမ့်
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၃	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၂	မြင့် လတ် နိမ့်
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၂	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၄	မြင့် လတ် နိမ့်
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် လတ် နိမ့်
၁၁	**လက်လီ– လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၈	၁၃	၂	မြင့် လတ် နိမ့်
	အလုပ်သမား / ဝန်ထမ်း	၀	၀	၄	မြင့် လတ် နိမ့်
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၁	မြင့် လတ် နိမ့်

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အမြဲ ထောင်စု	မိသားစု ဝင် လုပ်အား		
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၅	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၄	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၄	၅	၀	မြင့် □ လတ် □ နိမ့် □
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် □ လတ် □ နိမ့် □
၁၉	**လူမှုရေး လုပ်ငန်းများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
၂၀	**အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၅	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၀	၀	၆၈	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	၀	၀	၀	မြင့် ☐ လတ် ☐ နိမ့် ☐
	စုစုပေါင်း	**၀**	**၀**	**၀**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် စပါးစိုက်တောင်သူဦးရေ နှင့် အခြားကြုံရာ၊ ကျပန်းလုပ်ကိုင်သူ အိမ်ထောင်စု ဦးရေညှိမျှမှု ရှိပြီး၊စားဝတ်နေရေးအထိုက်အလျောက် အဆင်ပြေမှု ရှိပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၃၀၀၀	၃၀၀၀	၂၅၀၀	၂၅၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	၀	၀	၀	၀

စဉ်	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၀	၀	၀	၀
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း	နေ့စား	၅၀၀၀	၀	၀	၀
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	၅၀၀၀	၃၀၀၀	၂၀၀၀	၁၀၀၀
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၅၀၀၀	၃၀၀၀	၀	၀
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး	နေ့စား	၅၀၀၀	၃၀၀၀	၀	၀
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၀	၀	၀	၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)	နေ့စား	၀	၀	၀	၀
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင်လုပ်ငန်း	နေ့စား	၀	၀	၀	၀

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့်ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာရှိ လယ်ယာစိုက်ပျိုးရေးလုပ်ငန်း လုပ်အားခနှုန်းထား များမှာ ကျား/မ တန်းတူရရှိပါသည်။ (နေ့စားခ)

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)
လယ်မြေ	၂၀၄.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ယာမြေ / တောင်ယာမြေ	၈.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ဥယျာဉ်ခြံမြေ	၃၂၃.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ကိုင်း / ကျွန်းမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
ခနိတောမြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စားကျက်မြေ	၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
မြေလွတ် မြေလပ်	၄၀.၀၀	ကောင်း ☐ သင့် ☐ ညံ့ ☐
စုစုပေါင်း	**၅၅၅**	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် လယ်မြေဧက (၂၀၀)ကျော်ရှိသော်လည်း မြေဆီလွှာအရည်အသွေး အထူးကောင်းမွန်ခြင်း မရှိပါသဖြင့် မိမိဝမ်းစာဖူလုံ တောင်သူများသာ ရှိကြောင်းတွေ့ရှိရပါ့သည်။

(၈-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
ကျောက်မျက် စသည်။)		
ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	လွယ် ☐ ခက် ☐ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့် ☐ နည်း ☐ မရှိ ☐	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် ပါဝင် ဓါတ်သတ္တုနှင့် အခြား တွင်းထွက်၊သယံဇာတများ မထွက်ရှိပါ။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	အလွန်နည်း (သို့) မရှိ
အိမ်အခြေအနေ	အလွန်ကောင်း	အသင့်အတင့် ကောင်း	ညံ့	အလွန်ညံ့

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	များ	အသင့်အတင့်	နည်း	မရှိ
အဓိကစီးပွားရေး လုပ်ငန်း	စီးပွား (ဝင်ငွေ) အလွန်ကောင်း	စီးပွား (ဝင်ငွေ) အသင့်အတင့်	စီးပွား (ဝင်ငွေ) နည်း	စီးပွား (ဝင်ငွေ) အလွန်နည်း
အိမ်ထောင်စု	၃၀	၃၂	၄၀	၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် အဆင်ပြေသော အိမ်ထောင်စုနှင့် အလယ်အလတ်ရှိသော အိမ်ထောင်စုမှာ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်ခန့်ရှိပြီး မပြေလည်သော အိမ်ထောင်စုနှင့် အလွန်မပြေလည်သော အိမ်ထောင်စုမှာ ကျေးရွာအိမ်ထောင်စု၏ ထက်ဝက်ခန့်ရှိပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာ ဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀
		အထောက်အပံ့ယူ = ၀ ချေးယူ = ၀

အချိန်ကာလ	အိမ်ထောင်စု အရေ အတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
		လုပ်အားခကြိုယူ = ၀
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု	၀	အခြားအစာပြောင်းလဲစား = ၀ အစာလျှော့စား = ၀ အထောက်အပံ့ယူ = ၀ ချေးယူ = ၀ လုပ်အားခကြိုယူ = ၀

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။ မရှိပါ။

(c-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	၁	၃	၄
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	၀	၀	၀
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	၄		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	၀		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	၁		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် သက်ကြီးရွယ်အို နည်းပါးပြီး ဆင်းရဲ၍ မိသားစုဦးရေများပြီး အမျိုးသမီးဦးဆောင်သည့် အိမ်ထောင်စုမှာ ကျေးရွာအိမ်ထောင်စု၏ ၂%ပင် မရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား(အခြေအနေ)	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ စိုက်ပျိုးရေ)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၃	ရေကြီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၅	အအေးလွန်ကဲခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မုန်တိုင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ငလျင်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၈	မီးဘေး	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ငှက်ဖျားရောဂါ	မြင့် ☐ လတ်☐ နိမ့် ☐ မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူရွာသားများ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာ၏ မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှု ခံစားကြရပါသလဲ။ (ဥပမာ။ ။အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စု အောက် - နိမ့်အိမ်ထောင်စု ၁၀၀ တွင် ၂၅ မှ ၅၀ အိမ်ထောင်စု - လတ်အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စု အထက် - မြင့်)

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှု မရှိသည့် အိမ်ထောင်စုမရှိဘဲ ကျပန်းအလုပ် သမားများ တောင်သူလယ်သမားသာ ရှိပါသည်။

(၉-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၃	မြေယာမဲ့၊ ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၅	မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၂	ဒေသတွင်းပဋိပက္ခ ဇရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၅	ဆေးစွဲသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၆	ကူးစက်ရောဂါရနိုင်ခြေရှိသောသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၇	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၈	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၁၉	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐
၂၀	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့် ☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သောအိမ်ထောင်စုများ စသည်တို့သည် မည်သို့သောအခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှု ရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် ပြည်တွင်းပဋိပက္ခ၊စစ်ရှောင်နှင့်အခြား သဘာဝဘေးအန္တရာယ် ၊ဆိုးရွားစွာ ထိခိုက်မှု မရှိဘဲ အေးချမ်းတည်ငြိမ်သော ကျေးရွာဖြစ်ပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	ဓမ္မစကူးလ်	၁ ☐ ၂ ☐ ၃ ☐	၅	၅	၁၀	ပညာရေး ☐ဌေကြေး ☐ ကျန်းမာရေး ☐ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐သာရေး ၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၂	ဂေါပက	၁ ☐ ၂ ☐ ၃ ☐	၅	၀	၅	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐
၃	အမျိုးသမီး	၁ ☐ ၂ ☐ ၃ ☐	၀	၁၅	၁၅	ပညာရေး ☐ ဌေကြေး ☐ ကျန်းမာရေး☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ☐ ညံ့ ☐

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခုကို သာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၄	ကျေးရွာဖွံ့ဖြိုးရေး	၁ □ ၂ □ ၃ □	၅	၄	၉	ပညာရေး □ ဌေကြေး □ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၅	ရပ်မိရပ်ဖ	၁ □ ၂ □ ၃ □	၁၀	၀	၁၀	ပညာရေး□ဌေကြေး□□ကျန်းမာရေး □□ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး□သာရေး၊ နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □
၆	ကျေးရွာ လုံခြုံရေး	၁ □ ၂ □ ၃ □	၁၂	၀	၁၂	ပညာရေး □ ဌေကြေး□ ကျန်းမာရေး □ ဘာသာရေး □ စိုက်ပျိုးမွေးမြူရေး □ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေး □ လုံခြုံရေးနှင့် ကာကွယ်ရေး □	ကောင်း □ သင့် □ ညံ့ □

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု– လယ်သမားအဖွဲ့၊ ဌေစုဌေချေးအဖွဲ့ စသည့်။

(၂) လူမှုရေးအဖွဲ့ – ဥပမာ – အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။

လေ့လာတွေ့ရှိချက်။ ။ နန့်သာကျေးရွာအုပ်စု၊နန့်သာကျေးရွာတွင် ပြင်ပအဖွဲ့အစည်း (၆)ခုရှိကြောင်း လေ့လာ တွေ့ရှိရပါသည်။

(က–၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁		၁ ▯ ၂ ▯ ၃ ▯ ၄ ▯ ၅ ▯ ၆ ▯ ၇ ▯	ပညာရေး ▯ ငွေကြေး ▯ ကျန်းမာရေး ▯ ဘာသာရေး ▯ စိုက်ပျိုးမွေးမြူရေး ▯ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၂		၁ ▯ ၂ ▯ ၃ ▯ ၄ ▯ ၅ ▯ ၆ ▯ ၇ ▯	ပညာရေး ▯ ငွေကြေး ▯ ကျန်းမာရေး ▯ ဘာသာရေး ▯ စိုက်ပျိုးမွေးမြူရေး ▯ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၃		၁ ▯ ၂ ▯ ၃ ▯ ၄ ▯ ၅ ▯ ၆ ▯ ၇ ▯	ပညာရေး ▯ ငွေကြေး ▯ ကျန်းမာရေး ▯ ဘာသာရေး ▯ စိုက်ပျိုးမွေးမြူရေး ▯ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၄		၁ ▯ ၂ ▯ ၃ ▯ ၄ ▯ ၅ ▯ ၆ ▯ ၇ ▯	ပညာရေး ▯ ငွေကြေး ▯ ကျန်းမာရေး ▯ ဘာသာရေး ▯ စိုက်ပျိုးမွေးမြူရေး ▯ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၅		၁ ▯ ၂ ▯ ၃ ▯ ၄ ▯ ၅ ▯ ၆ ▯ ၇ ▯	ပညာရေး ▯ ငွေကြေး ▯ ကျန်းမာရေး ▯ ဘာသာရေး ▯ စိုက်ပျိုးမွေးမြူရေး ▯ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯
၆		၁ ▯ ၂ ▯ ၃ ▯ ၄ ▯ ၅ ▯ ၆ ▯ ၇ ▯	ပညာရေး ▯ ငွေကြေး ▯ ကျန်းမာရေး ▯ ဘာသာရေး ▯ စိုက်ပျိုးမွေးမြူရေး ▯ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ▯

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ ပြည်ပ) (ဥပမာ – ခမ္မစကူးလ် ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ) (ဥပမာ – Care International, Save the Children, Gret, Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ–ကုလသမဂ္ဂအဖွဲ့၊

ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ (ဥပမာ GIZ, UKAid, USAid, စသည်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ – သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင် စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများမှာ ကလေးသူငယ်ထိန်းသိမ်း စောင့်ရှောက်ရေးအဖွဲ့ Save the Children (CS) ဟု ခေါ်သော ကျန်းမာရေး ဆိုင်ရာ အဖွဲ့အစည်းများမှ ပံ့ပိုးကူညီမှု ရရှိပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၂၉	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	၃၀	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧကကြား	၂၂	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧကကြား	၂၀	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁၀	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း		၁၁၁	☒

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု သင့်တင့်စွာ ရှိပြီး၊ တောင်သူလယ်သမား ဦးရေ များပြားသော်လည်း ၎င်းတို့ပင်လျှင်မိမိဝမ်းစာဖူလုံ (လောက်ငှ) ရုံရှိပြီး ပိုလျှံစပါးမရှိပါ။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၂	ရေလွှဲဆည်	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၃	မြစ်ရေတင်စီမံကိန်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၄	ရေသွင်းမြောင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၅	အဝီစိတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၆	လက်ငင်းရေတွင်း	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၇	စိမ့်စမ်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐
၈	ချောင်းရေ	၀.၀၀	တစ်နှစ်ပတ်လုံး ☐ ရာသီအလိုက် ☐ မဖြေဆိုပါ ☐	ရှိ ☐ မရှိ ☐ မဖြေဆိုပါ☐

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် မြေယာမဲ့ အိမ်ထောင်စု သင့်တင့်စွာ ရှိပြီး၊ တောင်သူလယ်သမား ဦးရေ များပြားသော်လည်း ၎င်းတို့ပင်လျှင်မိမိဝမ်းစာဖူလုံ (လောက်ငေ) ရုံရှိပြီး ပိုလျှံစပါးမရှိပါ။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစု ပေါင်း စိုက် ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခု ကို သာ ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာ ရွေးရန်)
		ယူ နစ်	အ နည်း ဆုံး	အ များ ဆုံး	ပျှမ်း မျှ	မှ	ထိ		
စပါး	၂၀၄	တင်း	၂၀	၃၀	၂၅	ဇူ လိုင်	စက်တင် ဘာ	မြင့် လတ် နိမ့်	မြင့် လတ် နိမ့်
မြေပဲ	၃၂၃	ပိဿ ာ	၂၀၀၀	၃၀၀၀	၂၅၀၀	စက်တ င်ဘာ	အောက်တို ဘာ	မြင့် လတ် နိမ့်	မြင့် လတ် နိမ့်
								မြင့် လတ် နိမ့်	မြင့် လတ် နိမ့်

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် လယ်ယာမြေများ၊မြေဆီမြေဩဇာ မကောင်း၍ စပါးဧက အထွက်နှုန်း နည်းပါးမှုကြောင့် မိမိဝမ်းစာဖူလုံမျှသာရှိ၍ ဘာသာရေး စားဝတ်နေရေးဖူလုံရုံမျှသာ ဖြစ်ပြီး အထူအန အထူးပိုလျှံခြင်းမရှိပါ။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်း ပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ထွန်စက်	၁၇	၀	၀	၅၀
လက်တွန်းထွန်စက်	၀	၀	၀	၀
အစေ့ချ ကိရိယာ	၁	၀	၀	၀
ရိတ်သိမ်းခြွေလှေ့စက်	၀	၀	၀	၀

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက်
ရိတ်သိမ်းစက်	၀	၀	၀	၀
ခြွေလှေ့စက်	၁	၀	၀	၅၀
ရေစုပ်စက်	၅	၀	၀	၀
ခြေနင်းရေတင်စက်	၀	၀	၀	၀
မြက်ရိတ်စက်	၂၀	၀	၀	၀

ရင်းမြစ်... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း – လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာတွင် တောင်သူများသည် ယခင်ကလယ်ယာလုပ်ငန်းတွင် ကျွံနွားများကိုသာအဓိက အသုံးပြုကြပြီး ယခုအခါ လယ်ယာသုံး စက်ကိရိယာများကို တစ်ဦးချင်းပိုင်ဝယ်ယူ လုပ်ကိုင်ကြပါသည်။ စက်ကိရိယာ မရှိသောတောင်သူများသည် ရှိသောပုဂ္ဂိုလ်များထံမှ ငှားရမ်းလုပ်ကိုင်ကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
လယ်ယာမြေ အသုံးချနိုင်မှု	အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ☐ မဖြေဆိုပါ ☐
စိုက်ပျိုးရေ အရင်းအမြစ်	ပေါများ ၀ အသင့်အတင့်ရှိ ☐ မဖြေဆိုပါ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူရသည် ☐ ရသည် ☐ မဖြေဆိုပါ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ☐ သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ☐ မဖြေဆိုပါ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရနိုင်သည် ☐ မဖြေဆိုပါ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူ ရနိုင်သည် ☐ ရနိုင်သည် ☐ မဖြေဆိုပါ ☐

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကိုရွေးရန်။)
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူ ရနိုင်သည် □ ရနိုင်သည် □ မဖြေဆိုပါ □
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် □ သီးနှံများကို ရောင်းချနိုင်သည် □ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။ စံကပ်ကျေးရွာသည် ကုန်းမြင့်တွင်တည်ရှိပြီး မြေနုကျွန်းပေါ်ယာမြေမရှိ၍ ဆီထွက်သီးနှံ အပါအဝင် အခြားသီးနှံ စိုက်ပျိုးမှုမရှိဘဲ လက်ဖက်ဥယျာဉ်ခြံမြေသာ လုပ်ကိုင်သူအများစု ရှိသော်လည်း လက်ဖက်ပေါ်ချိန် စျေးမကောင်း၍ ကျေးရွာအိမ်ထောင်စုများ စားဝတ်နေရေးအထူး ချောင်လည်ခြင်း မရှိကြပါ။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

